# Highlights from DVB Debate's Peace Process and Elections

# September 19, 2015

# "How does the Peace Process effect the Elections?"

"ဩဂုတ်လ ၁၉ ရက်နေ့အစည်းအဝေး တွေ့တဲ့ပွဲမှာ တတိုင်းပြည်လုံးငြိမ်းချမ်းရေးရရေးနဲ့ လက်နက်ဖျက်သိမ်းရေးကိစ္စတွေနဲ့ပတ်သက်ပြီး တိုင်းရင်းသားတွေစိတ်ထဲ ဇဝေဇဝါဖြစ်စေပါတယ်"

ဦးစောဒယ်နီရယ် - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

---

"ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ ရွေးကောက်ပွဲက ၅ နှစ်တကြိမ် ကျင်းပနေမှာပဲလေ။"

ဦးမော်ရယ် - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

---

"ငြိမ်းချမ်းရေးလုပ်ဆောင်နေမှုသည် လူထုအတွက် မဟုတ်ဘူး၊ နိုင်ငံတကာကိုပြဖို့၊ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးအမြတ်ထုတ်ဖို့လို့ တိုင်းရင်းသားတွေက ခံစားနေရတယ်။ ဒီတော့ ရွေးကောက်ပွဲမတိုင်ခင် ထိုးသင့်၊ မထိုးသင့် စဉ်းစားရမယ်"

ဦးစောလွင် - ကယန်းပြည်သစ်ပါတီ၊ တွဲဖက်အတွင်းရေးမှူး

---

"အစိုးရရော၊ တိုင်းရင်းသားဘက်ရော နှစ်ဖက်ယုံကြည်မှုမရှိတာတော့ မြေကြီးလက်ခတ်မလွဲပဲ၊ လက်မှတ်ထိုးဖို့ အချိန်စောပါသေးတယ်"

ဦးစောဒယ်နီရယ် - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

---

"တိုင်းရင်းသားတွေအနေနဲ့ အာမခံချက်တစုံတရာမရှိဘဲ ထိုးရင်မှားမယ်။ အခု ၃-၄ နှစ်ကာလမှာ ယုံကြည်မှုတည်ဆောက်ဖို့က စောလွန်းပါတယ်"

ခွန်ဘားနတ် - ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့

---

"NCA လက်မှတ်ထိုးရာမှာ တိုင်းရင်းသားအားလုံးပါဖို့လိုတယ်၊ ၁၆ ဖွဲ့နဲ့က မလုံလောက်ဘူး. တိုင်းပြည်အေးချမ်းဖို့ အလားအလာမရှိပါဘူး"

ဒေါက်တာ စောစံမင်း - မော်ချီးတောင်တန်းဒေသဖွံ့ဖြိုးရေးကွန်ရက်

---

"စစ်ရဲ့ အနိဌာအာရုံတွေ ပြည်သူတွေခံရတယ်၊ ဒီတော့ ဒီအစိုးရသက်တမ်းမကုန်ခင် လမ်းကြောင်းလေးတခု ချခဲ့စေချင်တယ်။ တိုင်းရင်းသားအဖွဲ့တွေအနေနဲ့ ရွေးကောက်ပွဲမတိုင်ခင် ရနိုင်သမျှယူထားစေချင်တယ်"

ဦးစန်းမောင် - ပရိသတ်

---